## ACC Against COVID-19





# အစီအစဉ် (၂၃)

## "စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးနှင့် ကျင့်ဝတ်လိုက်နာရေး"

တင်ပြသူ
လင်းဝေအောင်

ကျွန်ုပ်တို့သည် ကမ္ဘာ့စီးပွားရေး အခြေအနေ၏
အကြီးမားဆုံး အပြောင်းအလဲတစ်ခုကို
မျက်ဝါးထင်ထင် ရင်ဆိုင်ကြုံတွေ့နေရပါသည်။







ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် သန်းထောင်နှင့် ချီသော လူများ
အလုပ်လုပ်ကိုင်ခွင့်မရခြင်းနှင့် မိမိ၏ အိမ်တွင်သာ နေထိုင်ရန်
လိုအပ်ခြင်းတို့ကို ဖြစ်ပေါ်စေရာ သန်းနှင့်ချီသော လူများကို
အလုပ်လက်မဲ့ ဖြစ်ပွားစေပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုးကြီးသည် စီးပွားရေးလုပ်ငန်းများကို ကြီးမားစွာ ထိခိုက်ပျက်စီးစေသည့်အတွက် လုပ်ငန်းများဆက်လက်ရှင်သန် ရပ်တည်နိုင်ရန် မယုံနိုင်လောက်သည့် စမ်းသပ်မှုကို ကြုံတွေ့နေရသည့်အချိန်လည်း ဖြစ်ပါသည်။






ကိုဗစ် ၁၉ အား ကာကွယ်မှု အစီအမံများသည်
စီးပွားရေးလုပ်ငန်းများအပေါ်ကြီးမားသော
သက်ရောက်မှု ဖြစ်ပေါ်စေသဖြင့် ၂၀၂၀ ခုနှစ်တွင်
ကမ္ဘာ့စီးပွားရေးသည် သုံးရာခိုင်နှုန်းအထိ
သိသိသာသာ ကျဆင်းသွားမည် ဟု
အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
မှထုတ်ပြန်သည့် World Economic Outlook
Reports တွင် ဖော်ပြထားပါသည်။

ကိုဗစ် ၁၉ ၏ ပြင်းထန်သော
သက်ရောက်မှုများသည် စီးပွားရေးလုပ်ငန်းများ၏
ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အန္တရာယ်ရှိမှုကို
ပိုမိုမြင့်မားစေသဖြင့် ထိရောက်စွာစီမံခန့်ခွဲမှု
မပြုလုပ်နိုင်ပါက စီးပွားရေးလုပ်ငန်းများ၏
ဂုဏ်သိက္ခာကို ထိခိုက်နိုင်ပြီး ပိုမိုဆိုးရွားသော
အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။














ကိုဗစ်ကာလအတွင်း ကြုံတွေ့ရသည့် အခက်အခဲများကြောင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် အခွန်တိမ်းရှောင်ခြင်း၊ အစိုးရ၏ ထောက်ပံ့မှုများရရှိရန် လိမ်လည်မှုများ ကျူးလွန်ခြင်းတို့အပြင် ကျင့်ဝတ်နှင့်မညီသော ဆောင်ရွက်မှုများကိုလည်း ပြုလုပ်ရန် ဦးတည်စေသဖြင့် ထိရောက်စွာ ထိန်းချုပ်နိုင်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများ အနေဖြင့် ဥပဒေ၊
စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်
ဆောင်ရွက်မှုအပြင် ဖြောင့်မတ်တည်ကြည်မှုနှင့်
ကျင့်ဝတ်ကို အလေးအနက်ထား၍ လိုက်နာ
စောင့်ထိန်းရန်လည်း လိုအပ်မည်ဖြစ်ပါသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ


ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)


(၂၀၂၀ ခုနှစ်၊ မေလ ၁၃ ရက်၊ ရန်ကုန်မြို့)

ရှင်းလင်း အသိပေးခြင်း

နိုင်ငံတော်အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလုပ်ငန်းများ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ အပါအဝင်လုပ်ငန်းဌာနများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များအား ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် လုပ်ငန်းခွင်အနေအထားနှင့် လုပ်သားအင်အားအရ အချို့သော ညွှန်ကြားချက်များမှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် အမှန်တကယ် လိုက်နာဆောင်ရွက်ရန် အခက်အခဲရှိကြောင်း သိရှိရပါသည်။







နိုင်ငံတော်အစိုးရ၏
ထုတ်ပြန်ကြေညာချက်များနှင့်အညီ
အလုပ်သမားများ၏ လုပ်ခ
လစာနှင့်အလုပ်ချိန်များကို စီးပွားရေး
လုပ်ငန်းရှင်များက အဆင်ပြေအောင်
ဖန်တီးဆောင်ရွက်ပေးလျက်
ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

အချို့သော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်
ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်းခြင်း
အလုပ်သမားများ၏ ရောဂါကူးစက်မှုအန္တရာယ်
ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့်
ပြည်သူလူထု၏ အားပေးထောက်ခံမှုရရှိသည်ကို
တွေ့မြင်နိုင်သကဲ့သို့ အလုပ်ရုံများကို ပိတ်ပစ်ခြင်း၊
အလုပ်သမားများကို အတင်းအဓမ္မစေခိုင်းခြင်း
စသည့်လုပ်ရပ်များကြောင့် လူအများ၏ ပြစ်တင်ဝေဖန်မှုကို
ကြုံတွေ့ရသည့် စီးပွားရေးလုပ်ငန်းအချို့ကိုလည်း
တွေ့မြင်နိုင်ပါသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၄၆ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက် )

Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန | အတွင်းရေးမှူး |

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ် ၁၉ ကြောင့်
နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွားထိခိုက်မှု
အနည်းဆုံးဖြစ်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ
ကိုဗစ် ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း
ကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။



ကိုဗစ် ၁၉ ကြောင့် ထိခိုက်မှုရှိသည့်
လုပ်ငန်းများကို ဦးစားပေးကဏ္ဍ အလိုက်
ချေးငွေ ထုတ်ပေးသည့် အစီအစဉ်အရ
ချေးငွေကျပ် ဘီလီယံ ၁၀၀ ကို အတိုးနှုန်း
တစ်ရာခိုင်နှုန်းဖြင့် စီးပွားရေး
လုပ်ငန်းရှင်များသို့ ချေးငွေများ
ထုတ်ပေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။






၂၈.၄.၂၀၂၀ ရက်နေ့တွင် COVID-19 Economic Relief Plan-CERP ကို ထုတ်ပြန်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများကို မြန်ဆန်စွာ ခွင့်ပြုပေးရန်၊ သွင်းကုန်ထုတ်ကုန်လုပ်ထုံး လုပ်နည်းများနှင့် FDA လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးရန် ဆောင်ရွက်လျက် ရှိပါသည်။






သို့ဖြစ်ရာ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပွားလျက်ရှိသည့် စိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ တက်ညီလက်ညီ ရင်ဆိုင်ဖြေရှင်းခြင်းအားဖြင့် စီးပွားရေး သက်ရောက်မှုများအပေါ် အမြန်ဆုံးပြန်လည် ကုစားနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



## ကိုးကားချက်

- How to maintain a culture of integrity during the COVID–19 Pandemic( Andrew Gordon)
- ပြန်ကြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုဒ်
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဝက်ဘ်ဆိုဒ်
- Credit Photos >>> Internet